တံပ်အွံရ်ပိုန်လောတ်ကပိုန်တအောင်း
Palaung State Liberation Front

## 'ဝ' အမျိုးသားအဖွဲ့ချုပ်၏ တွဲဖက်အတွင်းရေးမှူး (၁) ဗိုလ်မှူးတာ့ညီလူ ကွယ်လွန်ခြင်းအတွက် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး၏ ဝမ်းနည်းကြောင်း သဝဏ်လွှာ

ရက်စွဲ - ဖေဖော်ဝါရီလ(၂၁)ရက်၊၂၀၁၈

ဖေဖော်ဝါရီလ(၂၀)ရက် နံနက်(၂)နာရီခန့်တွင် 'ဝ'အမျိုးသားအဖွဲ့ချုပ်၏ တွဲဖက်အတွင်းရေးမှူး (၁) ဗိုလ်မှူးတာ့ညီလူ အသက်(၃၃)မှ ရုတ်တရက်ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး - PSLF/TNLA မှ 'ဝ' အမျိုးသားအဖွဲ့ချုပ်၊ မိသားစုဝင်များနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

ဗိုလ်မှူးတာ့ညီလူ ကွယ်လွန်ခြင်းသည် 'ဝ'အမျိုးသားအဖွဲ့ချုပ်-WNO အဖွဲ့အတွက်သာမက မိမိတို့ ညီနောင်များအတွက်လည်း မျိုးဆက်သစ်ခေါင်းဆောင်လူငယ်တစ်ဦး ဆုံးရှုံးလိုက်ရခြင်းပင် ဖြစ်သည်။

ဗိုလ်မှူးတာ့ညီလူသည် မိမိတို့ မဟာမိတ်ရေးရာ လုပ်ငန်းများနှင့် တပ်ပေါင်းစုလုပ်ငန်းဖြစ်သည့် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု - NDF ၊ ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ - UNFC တို့တွင် တက်တက်ကြွကြွ ပါဝင်ကြိုးပမ်းခဲ့သည့် ခေါင်းဆောင်လူငယ်တစ်ဦးဖြစ်သည်။

တစ်နိုင်ငံလုံးအပစ်ရပ်စဲရေးလုပ်ငန်းစဉ်တွင်လည်း တက်ကြွစွာ ပါဝင်ခဲ့ပြီးနောက် NCA ဖြစ်စဉ် လမ်းလွှဲသွားသည့် အချိန်တွင်လည်း ရန်သူမှ အသုံးချနိုင်သည်ကို မြင်၍ လိမ္မာပါးနပ်စွာ ရှောင်လွှဲခဲ့ပြီး 'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီ-UWSP/UWSA နှင့် တစ်ဖွဲ့တည်းဖြစ်ရန် အရှေ့ဆုံးကထောက်ခံ အားပေးကာ ကြိုးပမ်းခဲ့သူလည်းဖြစ်သည်။

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦးအနေဖြင့် ဗိုလ်မှူးတာ့ညီလူ၏ သမိုင်းပေးတာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့်အပေါ် အသိမှတ်ပြုမှတ်တမ်းတင်ကြောင်း၊ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြေကွဲရပါကြောင်း ဖော်ပြရင်း ဤသဝဏ်လွှာအား ပေးပို့အပ်ပါသည်။

ဗိုလ်မှူးတာ့ညီလူ ကောင်းရာသုဂတိဘုံဘဝသို့ ရောက်ပါစေ ..........

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး - PSLF
တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်- TNLA
ဗဟိုဌာနချုပ်ရုံး၊ တအာင်းပြည်နယ်